# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# တပ်ကုန်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


Village Development Plan (VDP)

ပျော်ရွာကျေးရွာ၊မကျီးပင်ကျေးရွာအုပ်စု


(၁၇-၃-၂၀၁၆) ရက်နေ့

| မာတိကာ | | |
|---|---|---|
| စဉ် | အကြောင်းအရာ | စာမျက်နှာအမှတ် |
| ၁ | မြို့နယ်မြေပုံ | ၃ |
| ၂ | ကျေးရွာအုပ်စုမြေပုံနှင့် ကျေးရွာတည်နေရာ | ၄ |
| ၃ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ | ၅ မှ ၈ |
| ၅ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA)အကျဉ်းချုပ်ဇယား | ၉ မှ ၁၀ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ | ၁၁ မှ ၂၂ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၂၃ |
| ၈ | ကော်မတီဝင်များစာရင်း | ၂၄ |
| ၉ | ကျေးရွာအချက်အလက် (ပုံစံ-၁) | နောက်ဆက်တွဲ - က |
| ၁၀ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | နောက်ဆက်တွဲ - ခ |
| ၁၁ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | နောက်ဆက်တွဲ - ဂ |
| ၁၂ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | နောက်ဆက်တွဲ - ဃ |
| ၁၃ | အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ-၁၂) | နောက်ဆက်တွဲ - င |
| ၁၄ | အစည်းအဝေးမှတ်တမ်းများ | နောက်ဆက်တွဲ - စ |
| ၁၅ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | နောက်ဆက်တွဲ - ဆ |
| ၁၆ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) | နောက်ဆက်တွဲ - ဇ |

## ၁။ မြို့နယ်မြေပုံ


တပ်ကုန်းမြို့နယ် ၊ ကျေးရွာအုပ်စု အညွှန်းပြမြေပုံ
N
W
E
S
စကေး - ၁ လက်မ = ၁.၂၅ မိုင်
ရမည်းသင်းမြို့နယ်
နတ်မောက်မြို့နယ်
ပင်လောင်းမြို့နယ်
တောင်တွင်းကြီးမြို့နယ်
မကွေးတိုင်း
ဥတ္တရသီရိမြို့နယ်
ပုဗ္ဗသီရိမြို့နယ်
ဇေယျာသီရိမြို့နယ်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကားလမ်း
မီးရထားလမ်း
မြစ်ချောင်း
ရေသောက်မြောင်း
မြို့မြေပုံညွှန်း - ကြူ - ၆၇၃၄၁၂
မြို့နယ်မြေပုံညွှန်း - ကြူ - NE ၀၀၅၄၉၉
- NW ၆၄၁၁၅၇
- SE ၉၂၀၂၈၀
- SW ၃၂၀၁၈၀
မြို့အကျယ်အဝန်း - (၁.၄၉) စတုရန်းမိုင်
မြို့နယ်အကျယ်အဝန်း - (၆၈၃) စတုရန်းမိုင်
ကျေးရွာအုပ်စု -
ကျေးရွာ -
ရပ်ကွက် - ( ၆ ) ရပ်ကွက်
ကျေးရွာအုပ်စု - (49) အုပ်စု
ကျေးရွာ - (176) ရွာ

## ၂။ ကျေးရွာအုပ်စုမြေပုံနှင့် ကျေးရွာတည်နေရာ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | မကျီးပင် | မကျီးပင် | |
| ၂ | မကျီးပင် | ညောင်ပင်သာကျေးရွာ | |
| ၃ | မကျီးပင် | ရှားတုန်းအိုင်ကျေးရွာ | |
| ၄ | မကျီးပင် | ရေတွင်းဖြူကျေးရွာ | |
| ၅ | မကျီးပင် | ကြို့ပင်သာကျေးရွာ | |
| ၆ | မကျီးပင် | ပျော်ရွာ | |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### က. လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) **ဗမာ** | **၈၈** | ဘာသာ(၁) **ဗုဒ္ဓ** | **၈၈** |
| လူမျိုးစု (၂)------------- | | ဘာသာ(၂)------------- | |
| လူမျိုးစုရော-------------- | | ဘာသာရော------------ | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|
| လူဦးရေ | **၁၇၄** | **၂၂၈** |
| ကျား/မ ဦးဆောင်သောအိမ်ထောင်စု | **၅၈** | **၃၀** |

### (ခ)လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦများ

| စာသင်ကျောင်း | ရှိ/မရှိ | ကျန်းမာရေး | ရှိ/မရှိ | ဘာသာရေးအဆောက် အဦ | ရှိ/မရှိ |
|---|---|---|---|---|---|

| | | | | | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | | ဆေးရုံ | | စေတီ | |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | |
| မူလတန်းကျောင်း | | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးပေးခန်း | | ခရစ်ယာန်ကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| အခြား | | အခြား | | အခြား | |
| *မှတ်ချက်-* | | *မှတ်ချက်-* | | *မှတ်ချက်-* | |

**(ဂ)ကျွမ်းကျင်သူများမှတ်တမ်း ၊ ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/ဆရာမ | | (ရှိ) | ဆရာဝန် | | | လက်သမား | (ရှိ) | |
| အထက်တန်းပြဆရာ/ဆရာမ | | (ရှိ) | လက်ထောက်ကျန်းမာရေးမှူး | | | ပန်းရံ | (ရှိ) | |
| အလယ်တန်းပြဆရာ/ဆရာမ | | (ရှိ) | အမျိုးသမီးကျန်းမာရေးဆရာမ | | | လျှပ်စစ်ဆိုင်ရာ | | |
| မူကြိုဆရာ/ဆရာမ | | | အရံသားဖွား | | | ရေပိုက်သွယ်သူ | (ရှိ) | |
| အခြား | | | ပြည်သူ့ကျန်းမာရေးလုပ်သား(၁)/(၂) | | | စက်ပြင်ဆရာ | (ရှိ) | |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

## (ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ

- ကျောက်ကြမ်းလမ်း ( √ )

- ကတ္တရာလမ်း ( )
- ကွန်ကရစ်လမ်း ( )
- မော်တော်ဆိုင်ကယ်လမ်း ( )
- ကျောက်ခင်းလမ်း ( )
- မြေသားလမ်း ( )
- လူသွားလမ်း ( )
- အခြား ( )

**(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိပါသလား ? ရှိပါသည် ( )၊ မရှိပါ ( √ )၊ မသိပါ ( ) ။

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကိုမည်သည့်ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်...........၊ မသိပါ ( √ )

(၃) ဤစီမံချက်ကိုမြို့နယ်မှအတည်ပြုခဲ့ပါသလား ? ပြုခဲ့ပါသည် ( )၊ မပြုခဲ့ပါ ( ) ၊ မသိပါ ( √ )

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ ဗဟိုမှငင်းကျေးရွာအုပ်စုဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? ( **၁.၅ မိုင်**)

(၂) ဤကျေးရွာမှ ငင်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်

**ခြောက်သွေ့ရာသီတွင်ကြာချိန်**

- **ထော်လာဂျီ** **(၁၀ မိနစ်)နာရီ/မိနစ်**
- **မော်တော်ဆိုင်ကယ်** **(၁၀ မိနစ်)နာရီ/မိနစ်**
- ခြေလျှင် ( ) နာရီ/မိနစ်
- လှည်း ( ) နာရီ/မိနစ်
- မော်တော်ဘုတ် ( ) နာရီ/မိနစ်
- အခြား ------------------- ( ) နာရီ/မိနစ်

**မိုးရာသီတွင်ကြာချိန်**

- **ထော်လာဂျီ** **(၁၀ မိနစ်)နာရီ၊မိနစ်**
- **မော်တော်ဆိုင်ကယ်** **(၁၀ မိနစ်)နာရီ၊မိနစ်**
- ခြေလျှင် (    ) နာရီ၊မိနစ်
- လှည်း (    ) နာရီ၊မိနစ်
- မော်တော်ဘုတ် (    ) နာရီ၊မိနစ်
- အခြား ------------------- (    ) နာရီ၊မိနစ်

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ် -**

(၁) ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းရှိပါသလား? မရှိပါ ( √ )၊ ရှိ ပါသည် (    )၊ မသိပါ (    ) ။ ..............................................................................................

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင် (သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများရှိပါသလား?

...ကျေးရွာမီးလင်းရေးကော်မတီ................

.............................................................

.............................................................


## (၅) လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်း | ၂၅.၁.၂၀၁၅ | အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ | ၇ | ၅ | ၁၂ | ကျေးရွာစတင်ဖြစ်ပေါ် လာပုံ၊ခုနှစ်နှင့်ထူးခြားဖြစ်စဉ်များ။ |
| ၂ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၂၅.၁.၂၀၁၅ | စေတနာ့ဝန်ထမ်းအမျိုးသား၊ အမျိုးသမီး | ၇ | ၇ | ၁၄ | လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊အခြေခံအဆောက်အဦများ၊လယ်ယာမြေများ၊မြစ်ချောင်းများ၊ရေတွင်းရေကန်များ၊သစ်တောများ၊ဆည်မြောင်းများ။ |
| ၃ | ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်များသုံးသပ်ခြင်း | ၂၅.၁.၂၀၁၅ | ပြေလည်သောအုပ်စု၊ အလယ်အလတ်အုပ်စု၊ မပြေလည်သောအုပ်စု | ၅ | ၅ | ၁၀ | ပိုင်ဆိုင်မှုစံနှုန်းများသတ်မှတ်ခြင်း၊ စံနှုန်းများအပေါ် အခြေခံပြီးအဆင့်၃ဆင့်တွင်ပါဝင်သောအိမ်ထောင်စုအရေအတွက်ခန့်မှန်းခြင်း၊အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအားမှတ်တမ်းတင်ခြင်း။ |
| ၄ | ကျား-မအခန်းကဏ္ဍသုံးသပ်ခြင်း (cobweb) | ၂၅.၁.၂၀၁၅ | အမျိုးသားများ၊ အမျိုးသမီးများ | ၃၀ | ၃၅ | ၆၅ | အမျိုးသား၊ အမျိုးသမီးတန်းတူအခွင့်အရေးရရှိမှုအခြေအနေများအားဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ဇယား | ၂၅.၁.၂၀၁၅ | စေတနာ့ဝန်ထမ်း၊ အမျိုးသားများ၊ အမျိုးသမီးများ | ၇ | ၅ | ၁၂ | ရာသီဥတု၊အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများရောဂါဘယများ၊ပွဲတော်များအားဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၆ | အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့်ဗင်းကားချပ် | ၂၅.၁.၂၀၁၅ | အမျိုးသားများ၊ အမျိုးသမီးများ | ၅ | ၅ | ၁၀ | လူထုနှင့်ထိတွေ့ဆက်ဆံပြီးလူထုအကျိုးစီးပွါးအတွက်ဆောင်ရွက်လျှက်ရှိသောရွာအတွင်း၊ရွာပြင်ပအဖွဲ့အစည်းများအားဖေါ်ထုတ်ခြင်းနှင့်ဆက်သွယ်မှုပုံသဏ္ဍာန်ကိုကားချပ်ပေါ်တွင်မှတ်တမ်းတင်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | အခက်အခဲများ (ပြဿနာများ) | ၂၆.၁.၂၀၁၆ | အမျိုးသား၊ အမျိုးသမီး | ၃၀ | ၃၅ | ၄၅ | အမျိုးသားများနှင့်အမျိုးသမီးများနေ့စဉ်လူနေမှုဘဝတွင်ကြုံတွေ့နေရသောအခက်အခဲအတားအဆီးများအားဆွေးနွေးဖေါ်ထုတ်ခြင်း။ |
| ၈ | ပြဿနာသစ်ပင် | ၂၆.၁.၂၀၁၆ | အမျိုးသမီးများ | ၁၀ | ၁၂ | ၂၂ | အမျိုးသမီးများကြုံတွေ့နေရသောအခက်အခဲများမှအဓိကအခက်အခဲတစ်ခုကိုရွေးချယ်ခြင်း၊သစ်ပင်ပုံကိုအခြေခံလျှက်အကြောင်းအကျိုးဆက်စပ်ပုံဖေါ်ခြင်း။ |
| ၉ | နောင်၅နှစ်စာမျှော်မှန်းချက် | ၂၆.၁.၂၀၁၆ | အမျိုးသားများနှင့်အမျိုးသမီးများ | ၃၀ | ၃၅ | ၆၅ | အဓိကပြဿနာကိုပြေလည်စေသောအကြောင်းရင်းများအားပြေလည်စေမည့်လုပ်ငန်းများအားဖေါ်ထုတ်ခြင်း။ |
| ၁၀ | ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း။ | ၂၆.၁.၂၀၁၆ | အမျိုးသား၊ အမျိုးသမီး | ၃၀ | ၃၅ | ၆၅ | ဖေါ်ထုတ်ထားသောလုပ်ငန်းများအားဦးစားပေးအဆင့်နှိုင်းယှဉ်သတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

### ၆။ (က) ကျေးရွာသမိုင်း





**<u>ပျော်ရွာကျေးရွာသမိုင်းသုံးသပ်ချက်</u>**

ပျော်ရွာကျေးရွာသည် မကျီးပင်အုပ်စုတွင်ပါဝင်သောရွာတစ်ရွာဖြစ်ပြီး ၁၂၇၇ ခုနှစ်တွင် ဦးပျော်သာမှ ဦးဆောင်ပြီးစတင်တည်ထောင်ခဲ့သည်။ တည်ထောင်စကာလတွင် နဝင်းချောင်းအနောက်ဖက် ယခုရွာဆိုးကုန်းဟုခေါ်သောနေရာတွင် နေထိုင်ခဲ့ကြပါသည်။ ကာလအတန်ကြာနေပြီးနောက်တွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် ရေကြီးခြင်းဒဏ်များကိုခံစားရသည့်အတွက် အနောက်ဘက်ကုန်းပိုင်းဖြစ်သော လက်ရှိနေရာ ရန်ကုန်-မန္တလေးကားလမ်းဘေးသို့ ဦးပျော်သာမှပင်ဦးဆောင်က ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။

၁၃၂၂ ခုနှစ်တွင် ကျေးရွာရွာလယ်လမ်းကိုဖောက်လုပ်ခဲ့ပြီး ၎င်းလမ်းမှာ ကွမ်းတောနှင့်နတ်မာရွာများအထိ ပေါက်ရောက်ပါသည်။

ခရစ်သက္ကရာဇ် ၁၉၈၄ ခုနှစ်ပါတီကောင်စီခေတ်တွင် ကျေးရွာသူ/သားများစိုက်ပျိုးရရှိထားသော စပါးများကိုအတင်းအကြပ်သိမ်းယူခြင်းခံခဲ့ရပါသည်။ ၁၉၈၈ အရေးအခင်းကာလတွင်လည်းပေါ်တာဆွဲခြင်း ခံရသည့်အတွက် ရွာသူ/သားများမှာ တိမ်းရှောင်နေထိုင်ခဲ့ရပါသည်။ ၂၀၁၅ ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်း မှ ကျေးရွာရွာလယ်လမ်းကို ရိစာခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သောကြောင့် ယခုအခါရွာလယ်လမ်းကို ကောင်းစွာအသုံးပြုနိုင်ပြီဖြစ်ပါသည်။

**၆။ (ခ) လူမှုရေးနှင့်အရင်း အမြစ်ပြမြေပုံ**




## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

ပျော်ရွာကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံကိုလေ့လာရာတွင် ကျေးအိမ်ခြေတည်ရှိမှုအနေအထားနှင့် အိမ်ခြေများစုဖွဲ့မှုမှာ စနစ်ကျနစွာတည်ရှိနေသည်ကိုတွေ့ရပြီး ကျေးရွာတွင်းလမ်းသွယ်များကိုလည်း အချိုးကျစွာထည့်သွင်းထားသည်ကိုတွေ့ရသည်။ ကျေးရွာတောင်ဘက်တွင် ကျောက်ချောလမ်းရှိနေပြီး မကျီးပင်ရွာသို့သွားရောက်နိုင်သည်။ ရွာအနောက်ဘက်တွင် ရန်ကုန်မှ မန္တလေးသို့သွားသော ကားလမ်းနှင့်မီးရထားလမ်းကိုအပြိုင်တွေ့နိုင်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောရွာတစ်ရွာဖြစ်ပြီး တပ်ကုန်း၊ နေပြည်တော်နှင့် ရမည်းသင်းမြို့များသို့ကောင်းစွာသွားရောက်နိုင်သည့်အတွက် ဒေသထွက်ကုန်များရှိလာပါက ဈေးကွက်သို့တင်ပို့နိုင်သောအရင်းအမြစ်အဖြစ်တည်ရှိပါသည်။ အနောက်ဘက်အခြမ်းတွင်ပင် မကျီးပင်အုပ်စုတွင်း အထက်တန်းကျောင်းတစ်ကျောင်းရှိနေသည့်အတွက်လည်း ကျေးရွာတွင်းရှိ ကျောင်း သား/သူများအတွက် ပညာရေးလက်လှမ်းမီမှုအားကောင်းနေပါသည်။

ကျေးရွာအရှေ့ဘက်တွင် အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဘုန်းကြီးကျောင်းများကိုတွေ့ရှိရပါသည်။ လျှပ်မီးသွယ်တန်းနိုင်သော ထရန်စဖော်မာကိုလည်းတွေ့နိုင်သည့်အတွက် ပျော်ရွာအနေဖြင့် လျှပ်စစ်မီးလွယ်ကူလုံလောက်စွာ သွယ်တန်းနိုင်သော အရင်းအမြစ်တစ်ခုကိုလည်းကျေးရွာ၏အနီးအနားတွင် တွေ့ရှိရပါသည်။ ထူးခြားချက်အနေဖြင့် ကျေးရွာအရင်းအမြစ်မြေပုံထဲတွင် သောက်ရေ၊ သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိနိုင် သည် ရေအရင်းအမြစ်အားမတွေ့ရပါ။ ထို့ကြောင့် ကျေးရွာတွင် သောက်ရေ၊ သုံးရေလိုအပ်ချက်ရှိနေနိုင်ပြီး စိုက်ပျိုးရေးရရှိနိုင်မှုအတွက် လိုအပ်ချက်မြင့်မားနိုင်ကြောင်းသုံးသပ်မိပါသည်။

## ၆။ (ဂ) ဥစ္စာဓနပိုင်ဆိုင်မှု အဆင့်များသုံးသပ်ခြင်း




## ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်များအား အုပ်စုအလိုက်သုံးသပ်ခြင်း

ကျေးရွာတွင်ရှိနေသော အိမ်ထောင်စုများ၏ စီးပွားရေးပြေလည်မှုနှင့် ဥစ္စာပစ္စည်းပိုင်ဆိုင်မှုများကို လေ့လာရာတွင် ပြေလည်သောအုပ်စု၊ အလယ်အလတ်အုပ်စုနှင့် မပြေလည်သောအုပ်စုများဟူ၍သုံးမျိုးခွဲပြီးလေ့လာခဲ့ပါသည်။ လေ့လာရာတွင်အုပ်စုအလိုက်ပိုင်ဆိုင်မှုနှင့် အဓိကစီးပွားရေးလုပ်ငန်းကို ခွဲခြားလေ့လာခဲ့ပါသည်။ ပြေလည်သောအုပ်စုတွင် ပိုင်ဆိုင်မှုအရ စိုက်ပျိုးမြေ (၃) ဧကနှင့်အထက်၊ နွားနှစ်ကောင်၊ ဝွန် ဒေါင်းတစ်စီး၊ ဆိုင်ကယ်၊ ၄ ပင် ၃ ပင်ပျဉ်ထောင်သွပ်မိုးအိမ်နှင့် သုံးဘီးဆိုင်ကယ်များရှိနေပြီး ၎င်းအုပ်စု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စပါး၊ ပဲနှင့်ရာသီပေါ်သီးနှံများစိုက်ပျိုးသည့် တောင်သူလုပ်ငန်း ကိုလုပ်ကိုင်ကြသည်။ အလယ်အလတ်အုပ်စုတွင် ပိုင်ဆိုင်မှုအနေအထားမှာ လယ် (၃) ဧကအောက်၊ နွား တစ်ကောင်၊ ဆိုင်ကယ်၊ ဆိတ်၊ ဝက်၊ ရုပ်မြင်သံကြားစက်၊ သွပ်မိုးကြမ်းခင်းအိမ်များပိုင်ဆိုင်ပြီး အဓိကသက် မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်သူဖြစ်ပါသည်။ မပြေလည်သောအုပ်စုတွင် ပိုင်ဆိုင်မှုအရ ဝါးထရံကာ အိမ်နှင့် အိမ်မွေးတိရစ္ဆာန်အချို့ကိုသာ ပိုင်ဆိုင်ပါသည်။

ပျော်ရွာတွင် အိမ်ခြေပေါင်း (၈၈) အိမ်ရှိသည့်အနက်တွင်မှ ပထမအဆင့်ပြေလည်သော အုပ်စုတွင် အိမ်ခြေ (၃၀) အိမ်၊ ဒုတိယအဆင့် အလယ်အလတ်အုပ်စုတွင်အိမ်ခြေ (၂၀) နှင့် တတိယအဆင့် မပြေလည်သောအုပ်စုတွင် အိမ်ခြေ (၃၈)အိမ် အသီးသီးတွေ့ရှိရသည်။

| စဉ် | အုပ်စု | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြေလည်သောအုပ်စု | ၃၀ | ၃၄% |
| ၂ | အလယ်အလတ်အုပ်စု | ၂၀ | ၂၃% |
| ၃ | မပြေလည်သောအုပ်စု | ၃၈ | ၄၃% |
| | **စုစုပေါင်း** | **၈၈** | **၁၀၀%** |

၆။ (၄) ကျား-မအခန်းကဏ္ဍ သုံးသပ်ခြင်း (cobweb)



ကျား-မအခန်းကဏ္ဍ သုံးသပ်ခြင်း (cobweb)


ပျော်ရွာရှိ ရွာသူ/သားများ၏ ကျား၊မ အခန်းကဏ္ဍအခြေအနေများကို ကျေးရွာအစည်းအဝေးတွင် ကျား (၃၀) ဦး၊ မ(၃၅) ဦးပါဝင်သောအဖွဲ့ဖြင့် နေ့စဉ်လုပ်ရှားမှုပုံစံများမှ အကြောင်းအရာများပေါ် တွင် လွှမ်းမိုးနိုင်မှု၊ သာလွန်မှုအခြေအနေများကိုလေ့လာခဲ့ပါသည်။ ကျား၊ မ ကဏ္ဍအတွက်ကျေးရွာများ တွင်တွေ့ရှိရလေ့ရှိသော အချက် (၁၀)ချက်ဖြစ်သည့် လူမှုရေးတွင်ပါဝင်နိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိမှု၊ မိသားစုအတွင်းဦးဆောင်နိုင်မှု၊ ဝင်ငွေရှာနိုင်မှု၊ မိသားစုအပေါ်ဂရုစိုက်နိုင်မှု၊ အရင်းအမြစ်များ ပေါ်တွင် အသုံးချနိုင်မှု/ပိုင်ဆိုင်မှု၊ လူမှုရေးလုပ်ငန်းများတွင်ဆုံးဖြတ်ချက်ချနိုင်မှု၊ မိသားစုအားလုံခြုံစေမှု၊ ပစ္စည်းပိုင် ဆိုင်မှု၊ ပညာရေးလက်လှမ်းမီမှုအကြောင်းများကိုလေ့လာခဲ့သည်။

တွေ့ရှိရသောရလာဒ်အရ ပညာရေးလက်လှမ်းမီမှု၊ မိသားစုပေါ်တွင်ဂရုစိုက်နိုင်မှု၊ လူမှုရေးတွင်ပါ ဝင်နိုင်မှု၊ ဥစ္စာပစ္စည်းပိုင်ဆိုင်နိုင်မှု၊ လူမှုရေးလုပ်ငန်းများတွင်ပါဝင်ဆုံးဖြတ်ချက်ချနိုင်မှု၊ အရင်းအမြစ်များရ ယူသုံးစွဲနိုင်မှုနှင့် မိသားစုအားလုံခြုံမှုပေးနိုင်နိုင်သော ကဏ္ဍများတွင် ကျားနှင့်မတန်းတူအရေးပါနေပြီး မိသားစုအတွင်းဦးဆောင်နိုင်မှု၊ ဝင်ငွေရှာနိုင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုကဏ္ဍများတွင်

အမျိုးသားများမှပိုမိုအခွင့်အလမ်းအားသာချက်ရှိနေသည်ကိုတွေ့ရပါသည်။ အမျိုးသမီးများမှ အမျိုးသားများ ထက်ပိုမိုထူးခြားပြီးဦးဆောင်နိုင်မှုမတွေ့ရပါ။

ထို့ကြောင့် အိမ်တွင်ဆုံးဖြတ်ချက်ချနိုင်မှုနှင့် လွှမ်းမိုးမှုအပိုင်းတွင် အမျိုးသားများမှအားသာချက်ရှိနေပြီး ကျေးရွာတစ်ရွာလုံးနှင့်ဆိုင်သောကိစ္စရပ်များအတွက် ကျား၊ မ အခန်းကဏ္ဍတန်းတူမှုရှိသည်ဟု သုံးသပ်ရပါသည်။

၆။ (၅) ရာသီခွင်ဇယား




**ရာသီခွင်ဇယားအားသုံးသပ်ခြင်း**

ကျေးရွာရာသီခွင်ဇယားအားသုံးသပ်ရာတွင် အဓိကစိုက်ပျိုးသီးနှံ၊ တိရစ္ဆာန်ရောဂါကျရောက်မှု၊ စိုက်ပျိုးရေရရှိမှု၊ ဘာသာရေးပွဲတော်များ၊ ကျန်းမာရေး၊ ဝင်ငွေရရှိမှု၊ ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့်ရာသီဥတုအခြေအနေများကိုလေ့လာခဲ့ပါသည်။

ပျော်ရွာ၏အဓိကစိုက်ပျိုးသီးနှံများကိုလေ့လာရာတွင် စပါး၊ ပဲမျိုးစုံ၊ နှမ်းနှင့် ခရမ်းချဉ်သီးများကိုအဓိကစိုက်ပျိုးကြပြီး စပါးကို နယုန်လမှစတင်မြေပြင်ကာစိုက်ပျိုးပြီး နတ်တော်၊ ပြာသိုလများတွင်ပြန်လည်ရိတ် သိမ်းသည်။ ပဲမျိုးစုံ၊ နှမ်းနှင့် ခရမ်းချဉ်များကို တန်ခူးလတွင်မြေပြင်ပြီး ကဆုန်လတွင်စိုက်ပျိုးကာ

ဝါခေါင်နှင့် တော်သလင်းလများတွင် ပြန်လည်ဆွတ်ခူးပါသည်။ ကျေးရွာတွင် တီရစ္ဆာန်ရောဂါကျ ရောက်မှုအတွေ့အကြုံများမတွေ့ရပါ။ ပျော်ရွာတွင်စိုက်ပျိုးရေရရှိမှုအနေအထားမှာ တန်ခူး၊ ကဆုန်လများ တွင်မိုးရေအနည်းငယ်ရတတ်ပြီးဆည်ရေကိုသာအားထားစိုက်ပျိုးရသည်ကိုတွေ့ရသည်။ ကျန်းမာရေးတွင် ရောဂါသီးခြားဖြစ်ပွားသည့်လများဟူ၍မတွေ့ရပါ။ဘာသာရေးပွဲတော်အနေဖြင့် သင်္ကြန်၊ ဝါဆိုသင်္ကန်းကပ်၊ မီးထွန်းပွဲ၊ကထိန်ပွဲနှင့် ညောင်ရေသွန်းပွဲများကျင်းပကြသည်ကိုတွေ့ရပါသည်။ တစ်နှစ်စာတွင် လက်လုပ် လက်စားများအဖို့ဝင်ငွေရရှိမှုမှာအလုပ်ရရှိနိုင်မှုပေါ် မူတည်သော်လည်းတန်ခူး၊ဝါဆို၊ဝါခေါင်၊ တော်သလင်း၊ နတ်တော် ပြာသို၊ တပို့တွဲလများတွင်ဝင်ငွေရရှိသည်ကိုတွေ့ရသည်။ ရွှေ့ပြောင်းလုပ်သားအနေအထားမှာ ရာသီမရွေး လုပ်ငန်းအဆင်ပြေမှုအရ ရွှေ့ပြောင်းသည်ဟုတွေ့ရပါသည်။ ရာသီဥတုမှမိုးနည်းပြီး အပူများသောရာသီဥ တုဖြစ်သည်ဟုသုံးသပ်ပါသည်။

**၆။ (၆) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက် (ဗင်းကားချပ်)**




## အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်အားသုံးသပ်ခြင်း

ပျော်ရွာကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်အဖွဲ့များမှာ အုပ်ချုပ်ရေးနီးနွယ်သောအဖွဲ့များဖြစ်ကြပြီး အမျိုးသမီးအဖွဲ့၊ အမျိုးသားအဖွဲ့၊ သာရေးနာရေးအဖွဲ့နှင့် လူထုဗဟိုပြုစီမံကိန်းကော်မတီသည် ကျေးရွာလူထုနှင့် ထိစပ်ပြီးလုပ်ငန်းများကိုယ်စီဆောင်ရွက်လျှက်ရှိပါသည်။ သီးခြားအနေဖြင့် သမဝါယမလုပ်ငန်းများဆောင်ရွက်ရန် သမဝါယမအဖွဲ့ကိုတွေ့ရပြီး အဖွဲ့အားလုံးမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်နေသည့် အနေအထားရှိသည်။ မီးသတ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သာပူးပေါင်းပြီး ကျန်အဖွဲ့များနှင့်ထိစပ်မှုမရှိပါ။ လူထုဗဟိုပြုစီမံကိန်းကော်မတီ၊ သာရေးနာရေးအဖွဲ့နှင့် အမျိုးသားအဖွဲ့များသည် အုပ်ချုပ်ရေးအပြင် အဖွဲ့အချင်းချင်းကြားတွင်လည်းထိစပ်မှုရှိနေသည်ကိုတွေ့ရသည်။ သမဝါယမအဖွဲ့သည် အမျိုးသားအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းကော်မတီနှင့်လည်း ထိစပ်မှုရှိနေသည်ကိုတွေ့ရပါသည်။

ကျေးရွာပြင်ပတွင် သမဦးစီး၊ ကျေးလက်ဦးစီးနှင့် စိုက်ပျိုးရေးဘဏ်တို့ရှိနေပြီး သမဝါယမဦးစီးဌာနသည် ကျေးရွာသမအဖွဲ့နှင့်လည်းကောင်း၊ ကျေးလက်ဦးစီးဌာနသည် လူထုဗဟိုပြုစီမံကိန်းကော်မတီနှင့်လည်းကောင်း၊ စိုက်/ဘဏ်သည် အုပ်ချုပ်ရေးအဖွဲ့နှင့်လည်းကောင်းအသီးသီးပေါင်းစပ်ဆောင်ရွက်နေသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်အရ ကျေးရွာတွင်းအဖွဲ့အသီးသီးပူးပေါင်းဆောင်ရွက်နေမှုများသည် လုပ်ငန်းလိုအပ်ချက်ရှိနေသည့်အချိန်တိုင်းတွင် အားလုံးပူးပေါင်းဆောင်ရွက်သည့်အနေအထားကိုတွေ့ရှိရပါသည်။

### ၆။ (၇) အခက်အခဲများ (ပြဿနာများ)



ကျေးရွာဖွံ့ဖြိုးရေး အတွက် အခက်အခဲ အတားအဆီးများ

ကျေးရွာ - ပျော်ရွာ
အုပ်စု - မကျီးပင်


မြို့နယ် - တပ်ကုန်
ရက်စွဲ - ၂၆-၁-၂၀၁၆

| စဉ် | အမျိုးသားအဖွဲ့မှတင်ပြသော အခက်အခဲ အတားအဆီးများ | စဉ် | အမျိုးသမီးအဖွဲ့မှတင်ပြသော အခက်အခဲ အတားအဆီးများ |
|---|---|---|---|
| ၁ | နွေရာသီတွင် ရေခက်ခဲခြင်း | ၁ | နွေရာသီတွင် ရေခက်ခဲခြင်း |
| ၂ | စာဖတ်ရန် နေရာခက်ခဲခြင်း | ၂ | စာဖတ်ရန် နေရာ ခက်ခဲခြင်း |
| ၃ | မိုးကာလတွင် သွားလာရခက်ခဲခြင်း | ၃ | မိုးကာလတွင် သွားလာရခက်ခဲခြင်း |
| ၄ | တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုခြင်း | ၄ | တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုခြင်း |
| ၅ | မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း | ၅ | မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း |

ပါဝင်ဆွေးနွေးသူ - ကျား-၃၀၊ မ-၃၅
စုစုပေါင်း ၆၅ ဦး

ဦးဆောင်သူ - ဦးဝေယံဦး
မှတ်တမ်းတင်သူ - ဦးမင်းသိန်းထူး

## ၆။ (၈) ပြဿနာသစ်ပင်နှင့်သုံးသပ်ချက်



## ပြဿနာသစ်ပင်သုံးသပ်ခြင်း


ကျေးရွာအခက်အခဲများနှင့်ပြဿနာများဆွေးနွေးဖော်ထုတ်ရာတွင် ကျားနှင့်မ ဖော်ထုတ်လာသော အခက်အခဲများမှာ တူညီမှုများရှိနေသည့်အတွက် ပြဿနာသစ်ပင်အား ကျား၊မ မခွဲခြားဘဲရေး ဆွဲခဲ့ရပါသည်။ ကျေးရွာ၏လိုအပ်ချက်ရှိနိုင်ခြေအား အထက်တွင်သုံးသပ်ခဲ့သည့်အတိုင်း သောက်သုံးရေ အခက်အခဲရှိခြင်းကို အဓိကပြဿနာအဖြစ် အမျိုးသားများနှင့် အမျိုးသမီးများကဖော်ထုတ်ကြပါသည်။

ငင်းသောက်သုံးရေရှားပါးခြင်းအကြောင်းကိုဖော်ထုတ်ရာတွင် ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်ရန် အတွက်ငွေကြေးမတတ်နိုင်ခြင်း၊ ရေအရင်းအမြစ်များထိန်းသိမ်းနိုင်မှုအားနည်းခြင်း၊ ရေတွင်း/ရေကုတ်များ နည်းပါးခြင်း၊ နည်းပညာပံ့ပိုးပေးသူမရှိခြင်း၊ ရာသီဥတုအပူချိန်မြင့်တင်လာခြင်းနှင့် သစ်ပင်များရှားပါး လာခြင်း စသည့်အကြောင်းတရားများကြောင့် အဓိကသောက်သုံးရေရှားပါးခြင်း ပြဿနာဖြစ်လာခြင်းဖြစ် ကြောင်း တွေ့ရှိရပါသည်။

ဆက်လက်၍ ကျေးရွာတွင်းတွင် သောက်သုံးရေရှားပါးခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သော အကျိုး ဆက်များကိုလေ့လာရာတွင် တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်းနှင့် ကျန်းမာရေးပြဿနာများဖြစ်ပေါ် ခြင်း၊ ကျန်းမာရေးမကောင်းပါက အသုံးစရိတ်မြင့်တက်လာခြင်းများဖြစ်ပေါ်လာသည်။ ထို့ပြင်ရေရှားသည့် အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ကောင်းစွာမလုပ်နိုင်ခြင်းကြောင့် ဝင်ငွေနည်းပါးခြင်းအကျိုး ဆက်ကိုလည်းကောင်း၊ မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း အစရှိသည့်ပြဿနာများကိုတွေ့ရှိနေရရပါသည်။

သို့ဖြစ်၍ ကျေးရွာတွင် စက်ရေတွင်းများလုံလောက်စွာတူးဖော်ပေးပါက ကျေးရွာတွင် ဖော်ပြခဲ့ပြီး သောပြဿနာများနှင့် အကျိုးဆက်များမဖြစ်ပေါ်အောင်တားဆီးနိုင်မည်အပြင် ရေရှည်တွင် ရေလုံလောက် စွာရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့်အကျိုးဆက်များကို ကျေးရွာသူ/သားများကောင်းစွာခံစားရနိုင်မည်ဖြစ် ကြောင်းတွေ့ရှိရပါသည်။

## ပုံ (၁၀) နောင် ၅ နှစ်စာမျှော်မှန်းချက်



ကျေးရွာ မျှော်မှန်းချက်

ကျေးရွာ - ပျော်ကွာ
အုပ်စု - မကျီးပင်


မြို့နယ် - တပ်ကုန်း
ရက်စွဲ - ၂၆-၁-၂၀၁၆

| စဉ် | အမျိုးသားအဖွဲ့မှတင်ပြလာသော မျှော်မှန်းချက် | စဉ် | အမျိုးသမီးအဖွဲ့မှတင်ပြလာသော မျှော်မှန်းချက် |
|---|---|---|---|
| ၁ | စက်ရေတွင်း ရရှိရန် | ၁ | စက်ရေတွင်း ရရှိရန် |
| ၂ | စာကြည့်တိုက် ရရှိရန် | ၂ | စာကြည့်တိုက် ရရှိရန် |
| ၃ | တံတား ရရှိရန် | ၃ | တံတား ရရှိရန် |
| ၄ | ဆိတ်၊ဝက်၊ နွား မွေးမြူရေး ရရှိရန် | ၄ | ဆိတ်၊ဝက်၊ နွား မွေးမြူရေး ရရှိရန် |
| ၅ | မီးသတ်ရေကန် ရရှိရန် | ၅ | မီးသတ်ရေကန် ရရှိရန် |

ပါဝင်ရေးဆွဲသူ - ကျား - ၃၀ - မ - ၃၅
စုစုပေါင်း - ၆၅ ဦး

ဦးဆောင်သူ - ဦးဝေယံဦး
မှတ်တမ်းတင်သူ - ဒေါ်ခင်အေး

## ပုံ (၁၁) ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



ဦးစားပေး လုပ်ငန်းများ ရွေးချယ်ခြင်း

ကျေးရွာ - ပျော်ကွာ
အုပ်စု - မကျီးပင်

မြို့နယ် - တပ်ကုန်း
ရက်စွဲ - ၂၆-၁-၂၀၁၆

| စဉ် | လုပ်ငန်း အမျိုးအစား | မွေးမြူရေး | စာကြည့်တိုက် | တံတား | မီးသတ်ရေကန် | စက်ရေတွင်း | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | မွေးမြူရေး | | စာကြည့်တိုက် | တံတား | မွေးမြူရေး | စက်ရေတွင်း | ၁ | ၄ |
| ၂ | စာကြည့်တိုက် | | | စာကြည့်တိုက် | စာကြည့်တိုက် | စက်ရေတွင်း | ၃ | ၂ |
| ၃ | တံတား | | | | တံတား | စက်ရေတွင်း | ၂ | ၃ |
| ၄ | မီးသတ်ရေကန် | | | | | စက်ရေတွင်း | ၀ | ၅ |
| ၅ | စက်ရေတွင်း | | | | | | ၄ | ၁ |

ပါဝင်ရေးဆွဲသူ - ကျား - ၃၀ ၊ မ - ၃၅ ဦး
စုစုပေါင်း - ၆၅ ဦး

ဦးဆောင်သူ - ဦးဝေယံဦး
မှတ်တမ်းတင်သူ - ဦးကျော်ဇာနည်

**ဦးစားပေးအစီအစဉ်ပြဇယားအားသုံးသပ်ခြင်း**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အမျိုးသားများနှင့်အမျိုးသမီးများမှ ကျေးရွာအခက်အခဲများကိုတူညီစွာတင်ပြလာရာ တင်ပြလာသည့်လုပ်ငန်းများအား အားလုံးသဘောထားဖြင့် အမှတ်ပေးပြီးအကဲဖြတ်ခဲ့ပါသည်။ စုစုပေါင်းတင်ပြလာသော ကျေးရွာအခက်အခဲ (၄) မျိုးရှိပြီး ၄င်းတို့မှာ (၁) မွေးမြူရေး (၂) တံတား (၃)စာကြည့်တိုက် (၄) မီးသတ်ရေကန် နှင့် (၄) စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများဖြစ်ပါသည်။ အမှတ်များပေးရာတွင်အားလုံးပါဝင်သဘောထားပေးနိုင်သည့် Matrix Ranking နည်းကိုအသုံးပြုခဲ့သည်။

အမှတ်ပေးဆုံးဖြတ်ရာတွင် လုပ်ငန်းများနှိုင်းယှဉ်ပြီး ကျေးရွာအတွက် အမှန်တကယ်အလိုအပ်ဆုံးကိုစဉ်းစားရွေးချယ်စေခဲ့ပါသည်။ ပါဝင်အမှတ်ပေးသူများမှလည်း သေချာစွာရွေးချယ်ပြီး လုပ်ငန်းနှိုင်းယှဉ်ချက်ကို ရွေးချယ်ခဲ့ရာ စက်ရေတွင်းမှ ၄ မှတ်ဖြင့် အဆင့် (၁)၊ စာကြည့်တိုက်မှ ၃ မှတ်ဖြင့် အဆင့်(၂)၊ တံတားမှာ ၂ မှတ်ဖြင့် အဆင့်(၃)၊ မွေးမြူရေးမှာ ၁ မှတ်ဖြင့်အဆင့်(၄)နှင့် မီးသတ်ရေကန်မှာအမှတ်မရရှိဘဲ အဆင့် (၅)အသီးသီးရရှိခဲ့သည့်အတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းသည်ကျေးရွာ၏လိုအပ်ချက်အရှိဆုံးလုပ်ငန်းတစ်ခုဖြစ်ပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး (ကျေးရွာအဆင့်) | ရာထူး (အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးကျော်ဆန်း | စီ/ထောက် ဥက္ကဋ္ဌ | အုပ်စုစီ/ထောက်အဖွဲ့ဝင် |
| ၂ | မသဲမာလွင် | စီ/ထောက် ဥက္ကဋ္ဌ | အုပ်စုငွေကိုင် |
| ၃ | ဦးသန်းအောင် | စောင့်ကြည့် ကြီးကြပ်- ဥက္ကဋ္ဌ | |
| ၄ | ဒေါ်ချိုသဲ | စောင့်ကြည့် ကြီးကြပ်- အဖွဲ့ဝင် | |
| ၅ | ဒေါ်မေသူ | စောင့်ကြည့် ကြီးကြပ်- အဖွဲ့ဝင် | |
| ၆ | ဦးတင်ထွန်း | ဝယ်ယူရေး-ဥက္ကဋ္ဌ | |
| ၇ | ဦးခင်မောင်တင့် | ဝယ်ယူရေ-အဖွဲ့ဝင် | |
| ၈ | ဒေါ်အေးခိုင် | ဝယ်ယူရေး-အဖွဲ့ဝင် | |
| ၉ | ဦးမြင့်မောင် | လည်ပတ်ထိန်းသိမ်း-ဥက္ကဋ္ဌ | |
| ၁၀ | ဒေါ်စုမြတ်သူ | လည်ပတ်ထိန်းသိမ်း-အဖွဲ့ဝင် | |
| ၁၁ | ဒေါ်ခင်အုန်းမြိုင် | လည်ပတ်ထိန်းသိမ်း-အဖွဲ့ဝင် | |
| ၁၂ | ဦးတင်စိုး | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်ရီနိုင် | စေတနာ့ဝန်ထမ်း | |
| ၁၄ | ဦးစိန်ညို | အကြံပြုတိုင်ကြားရေး | |
| ၁၅ | ဒေါ်ခင်အေး | အကြံပြုတိုင်ကြားရေး | |
| ၁၆ | ဦးမင်းသိန်းထူး | ဘဏ္ဍာရေးစာရေး | ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဂင် |

၁၅။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအားVPSCတွင်ထားရှိရပါမည်။အခြားဌာနဆိုင်ရာများနှင့်ညှိနှိုင်းရန်အတွက်မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS data အနေဖြင့်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူ့ဦးစားပေးလဲ | လ/နှစ် | ကျေးရွာမှတာဝန်ခံသူ သို့မဟုတ်အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | မ ( √ )<br>ကျား( √ ) | ၂၀၁၇ | စီ/ထောက်ကော်မတီ | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | တံတားဆောက်လုပ်ခြင်း | မ (√ )<br>ကျား(√ ) | ၂၀၁၈ | စီ/ထောက်ကော်မတီ | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | မီးသတ်ရေကန် | မ ( √ )<br>ကျား ( √ ) | ၂၀၁၉ | ကျေးရွာသူ/သားများ | ကိုယ်ထူကိုယ်/အလှူရှင် |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်း ကြောင်းမှု/ဖွံ့ဖြိုးရေး | ၁ | မွေးမြူရေးလုပ်ငန်း | မ ( √ )<br>ကျား(√ ) | ၂၀၂၀ | ကျေးရွာသူ/သားများ | ပြင်ပအလှူရှင် |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့်ပညာရေး | ၁ | စက်ရေတွင်းတူးဖော်ခြင်း | မ ( √ )<br>ကျား(√ ) | ၂၀၁၆ | စီ/ထောက်ကော်မတီ | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | ကျောင်းခြံစည်းရိုး | မ ( √ )<br>ကျား(√ ) | ၂၀၁၇ | ကျေးရွာစီ/ထောက် | World Bank |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | | မ (√ )<br>ကျား(√ ) | ၂၀၁၆ | ကျေးရွာစီ/ထောက် | World Bank |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

၁၆။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

အရည်အသွေးထိန်းချုပ်သူအမည်  -

(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်စာရွက်စာတမ်းပြည့်စုံမှုကိုစစ်ဆေးပါ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံအချက်အလက်များ
- လူမှုဆန်းစစ်ခြင်းအကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့်နောင်လေးနှစ်အတွက်ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦ၊အသက်မွေးမှုပညာရေး၊လူမှုရေးထိန်းသိမ်းမှုစသည်ဖြင့်)

နောက်ဆက်တွဲများ

- လူမှုရေးအကဲဖြတ်မှုစာရွက်စာတမ်းဓါတ်ပုံနှင့်PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)
- မြေပုံများပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊Venn ပုံ
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမှတ်တမ်းမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC-1)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP) ကိုစစ်ဆေးပါ။

- ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်ပါဝင်သောလူဦးရေ(အမျိုးသား/အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အတွက်အသုံးပြုသည့်ရက်ပေါင်း
- PRA ပစ္စည်းမျုးအသုံးပြုသည့်အရေအတွက်
- ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်းသားလူနည်းစုနှင့်ထိခိုက်လွယ်သောအဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထားသလား
    - ရှိ/မရှိ

- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)
- PRA နှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှု အရေအတွက်)